# အခန်း(၉) မိဘများနှင့်ပူးပေါင်းဆောင်ရွက်ခြင်း

**အခန်းရည်ရွယ်ချက်**

- သူငယ်တန်းသင်ရိုးညွှန်းတမ်းကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် မိဘများနှင့် ပူးပေါင်းဆောင်ရွက်ရမည့်နည်းလမ်းများကို ဖော်ထုတ်ပြီး စီစဉ်လုပ်ဆောင်သည်။

**အခန်း(၈)တွင် လေ့လာသင်ယူရမည့်အကြောင်းအရာများ**

- ကလေးများ၏ ဖွံ့ဖြိုးမှုနှင့် သင်ယူမှုအတွက် မိဘ၊ ဆရာ ပူးပေါင်းဆောင်ရွက်ရန်လိုအပ်ပုံ
- ကလေးများ၏ ဖွံ့ဖြိုးမှုနှင့် သင်ယူမှုအတွက် မိဘ၊ ဆရာ ပူးပေါင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများ

**အခန်း(၈)ကို လေ့လာသင်ယူပြီးနောက်**

သူငယ်တန်းကလေးများအား သင်ကြား၊သင်ယူမှုလုပ်ငန်းများဆောင်ရွက်ရာတွင် မိဘ၊ ဆရာများ၏ အားပေးကူညီမှု၊ ပံ့ပိုးမှုများ၊ လိုအပ်ပုံတို့ကို နားလည်ပြီး ပူးပေါင်းလုပ်ဆောင်လာနိုင်မည်။

**စဉ်းစားပါ။**

- ➢ သူငယ်တန်း သင်ရိုးညွှန်းတမ်းကို ထိရောက်စွာအကောင်အထည်ဖော်နိုင်ရေးအတွက် မိဘ၏ ပူးပေါင်းဆောင်ရွက်မှု လိုအပ်ပါသလား။ ဘာကြောင့်လဲ။
- ➢ မိဘများ၏ပူးပေါင်းဆောင်ရွက်မှုရရှိရန် မည်ကဲ့သို့ဆောင်ရွက်သင့်ပါသလဲ။

**ဖတ်ပါ။**

## မိဘများနှင့်ပူးပေါင်းဆောင်ရွက်ခြင်း

သူငယ်တန်းသင်ရိုးညွှန်းတမ်းကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် မိဘများနှင့် တိုင်ပင်ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရန်လိုပါသည်။ မိဘများအနေဖြင့် သင်ရိုးညွှန်းတမ်းအသစ်နှင့် ပတ်သက်ပြီး သူငယ်တန်းအဆင့် သင်ရိုးညွှန်းတမ်းအသစ်ကို သူငယ်တန်းအရွယ်ကလေးများ၏ ဖွံ့ဖြိုးမှုအဆင့်နှင့် လိုက်လျောညီထွေဖြစ်မှု၊ ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေဖြစ်မှုနှင့် ပညာရေးအရ လိုက်လျောညီထွေဖြစ်မှုဟူသော ဆီလျော်ညီညွတ်မှု သုံးမျိုးနှင့်ကိုက်ညီစေရန် ရေးဆွဲထားရာ မိဘများအနေနှင့် ဤအချက်များကို ရှင်းလင်းစွာနားလည်ရန် အထူးလိုအပ်ပါသည်။ သို့မှသာ သင်ရိုးသစ်အရ သူငယ်တန်းတွင် သင်ယူရမည့်အကြောင်းအရာ သင်ပြပုံသင်ပြနည်း၊ ကလေးများလုပ်ဆောင်ရမည့် လုပ်ငန်းများ၊ စာသင်ခန်း အနေအထားအပြောင်းအလဲများကို သဘောပေါက်လက်ခံလာပြီး ပါဝင်ပူးပေါင်း

DBE Box

လာမည်ဖြစ်သည်။ ထို့ပြင် သင်ရိုးညွှန်းတမ်းတွင်ဖော်ပြထားသည့်အတိုင်း ကျောင်းအုပ်ကြီး၏ ဦးဆောင်မှုအောက်တွင် မိဘ၊ ဆရာ၊ ကျောင်းသား စနစ်တကျ ပူးပေါင်းခြင်းဖြင့် သူငယ်တန်းကလေးများ အခြေခံပညာ ဆက်လက်သင်ယူနိုင်ရေး အခြေခံအုတ်မြစ်ခိုင်မာမှု ရရှိမည်ဖြစ်သည်။

**စဉ်းစားပါ။**

- ➢ သူငယ်တန်းသင်ရိုးသစ်အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် မိဘ၊ဆရာ ပူးပေါင်းဆောင်ရွက်ရမည့် နည်းလမ်းတွေက ဘာတွေလဲ။

**ဖတ်ပါ။**

## မိဘများနှင့်ပူးပေါင်းဆောင်ရွက်ရမည့်နည်းလမ်းများ

သူငယ်တန်း စာသင်နှစ် မစတင်မီ ကျောင်းအပ်နှံရေး ရက်သတ္တပတ်အတွင်းတွင် သူငယ်တန်းသို့ ဝင်ရောက်မည့် ကလေးများ၏ မိဘများကို ကျောင်းသို့ဖိတ်ခေါ်ပြီး သင်ရိုးညွှန်းတမ်းအသစ်နှင့် လုပ်ကိုင်ဆောင်ရွက်မည့် နည်းသစ်များကို ရှင်းလင်းပြထားပါက မိဘများအနေဖြင့် အပြောင်းအလဲများကို နားလည်လက်ခံပြီး ပံ့ပိုးပေးနိုင်ပါလိမ့်မည်။ သူငယ်တန်း စာသင်နှစ်တစ်လျှောက်လုံးတွင်လည်း ဆရာနှင့် မိဘအကြား အပြန်အလှန် ဆက်သွယ်နိုင်မည့် နည်းလမ်းများကို ရှာဖွေအသုံးပြုသင့်ပါသည်။ ကလေးများ၏ အခြေအနေကို မိဘများထံမှ မေးမြန်းနိုင်သည့်နည်းတူ ကျောင်းတွင်တွေ့မြင်ရသည့် ကလေးများ၏ ဖွံ့ဖြိုးမှု၊ ဖြစ်ထွန်းတိုးတက်မှုနှင့် လိုအပ်ချက်များကိုလည်း မိဘများအား ပြောပြရပါမည်။ မိဘများတွေ့ကြုံရသည့် အခက်အခဲများကိုလည်း နားထောင်ပေးပြီး ကလေးများ၏ ဖွံ့ဖြိုးမှုနှင့် သင်ယူမှုအတွက် ပူးပေါင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများရှာဖွေသင့်ပါသည်။ ဥပမာအားဖြင့် အိမ်တွင် ကလေးကို ပုံပြောပြခြင်း၊ စာဖတ်ပြခြင်း၊ ကျောင်းတွင်သင်ခဲ့သည့် တေးကဗျာများကို အိမ်တွင်ရွတ်ဆိုခိုင်းခြင်း၊ ကိုယ်လက်လှုပ်ရှားကစားနည်းများကို ပြန်လုပ်ပြခြင်း စသည်တို့ဖြစ်သည်။ ထိုသို့ ကူညီပံ့ပိုးပေးခြင်းဖြင့် ကလေးသင်ယူခဲ့သမျှကို ပိုမိုစွဲမြဲနိုင်အောင် အင်အား ဖြည့်ပေးရာရောက်ပြီး ကလေးအနေဖြင့်လည်း မိမိကိုယ်ကို ယုံကြည်မှု၊ တန်ဖိုးထားမှုများ ရင့်သန်လာစေမည်ဖြစ်သည်။ ကျောင်းစည်းကမ်းများသည်လည်း စာသင်ခန်းတွင်း ပုံမှန်လုပ်ငန်းများ လုပ်ဆောင်သည့်အချိန်တွင်သာ လိုက်နာရန်မဟုတ်ဘဲ အိမ်တွင်လည်း လိုက်နာရန် လိုအပ်သည်။ (ဥပမာ- အမှိုက်ကို အမှိုက်ပုံးထဲထည့်ခြင်း၊ အစာမစားမီ လက်ဆေးခြင်း) ကလေးများအနေဖြင့် အိမ်တွင်တစ်မျိုး ကျောင်းတွင်တစ်မျိုး ပြုမူဆောင်ရွက်ပါက မည်သည်ကို ပုံမှန်လိုက်နာရမှန်းမသိဘဲ အလေ့အထကောင်းများကိုရရှိရန် ခက်ခဲစေနိုင်သည်။ ထို့ကြောင့် ကလေးများ၏ ဘဝတစ်လျှောက်လုံးအတွက် အလေ့အထကောင်းများ စွဲစွဲမြဲမြဲဖြစ်စေရန် မိဘများ၏ ပူးပေါင်းပါဝင်မှုလည်း လိုအပ်သည်။

သူငယ်တန်း ဆရာများအနေဖြင့် မိဘ၊ဆရာဆွေးနွေးပွဲများကို **ပုံမှန်**ပြုလုပ်ပေးသင့်ပြီး မိခင်ရော ဖခင်ပါ တက်ရောက်ရန်တိုက်တွန်းသင့်ပါသည်။ မိဘအားလုံးနှင့်မဟုတ်သည့်တိုင် မိဘများကို ငါးယောက်မှ ဆယ်ယောက် အုပ်စုများခွဲပြီး ညနေကျောင်းဆင်းချိန်တွင် တွေ့ဆုံနိုင်ရန် စီစဉ်သင့်ပါသည်။ ထိုဆွေးနွေးပွဲမျိုးကို အနည်းဆုံး (၃)လတစ်ကြိမ်၊ တစ်နှစ် (၃)ကြိမ် စီစဉ်သင့်ပါသည်။ ကလေးများ၏ ဖြစ်ထွန်းတိုးတက်မှု၊ လိုအပ်ချက်၊ အခက်အခဲများကို စုပေါင်းဖြေရှင်းနိုင်ရန်ဖြစ်သည်။

DBE BOX

တစ်ချိန်တည်းမှာပင် မိဘများ **အခါအားလျော်စွာ** ကျောင်းသို့လာရောက်လည်ပတ်ပြီး သူငယ်တန်းကလေးများ သင်ယူလုပ်ကိုင်ဆောင်ရွက်နေပုံကို ကြည့်ရှုလေ့လာရန် ဖိတ်ကြားသင့်ပါသည်။ အချိန်ပေးနိုင်သော မိဘများရှိပါက ကလေးများ၏ သင်ယူမှုလုပ်ငန်းများတွင် ပါဝင်ကူညီပံ့ပိုးပေးရန် မေတ္တာရပ်ခံနိုင်ပါသည်။ ကလေးများကို အုပ်စုလိုက်ခွဲပြီး စာဖတ်ပြခြင်း၊ စာသင်ခန်းပြင်ပလုပ်ငန်းများတွင် ပါဝင်ကူညီရန် စောင့်ရှောက်ပေးခြင်း၊ ကလေးများနှင့်အတူ ဆော့ကစားခြင်း၊ စားသောက်ချိန် နားချိန်များတွင် တစ်ကိုယ်ရေသန့်ရှင်းရေးကိစ္စများ၌ကူညီခြင်း၊ ကစားစရာပြုလုပ်ပေးခြင်းစသည်တို့ဖြစ်သည်။ သူငယ်တန်းကလေးများ သင်ယူလေ့လာနိုင်ရန် အထောက်အကူဖြစ်မည့် စာအုပ်စာတမ်းများ၊ အိမ်တွင်အသုံးမလိုတော့သည့် ပစ္စည်းဟောင်းများ၊ ကစားစရာများ အစရှိသည့် သင်ထောက်ကူများကို စုစည်းပေးနိုင်ပါသည်။ ထို့ပြင် ဒေသတွက် ဝါး၊ သစ်၊ အုန်းသီး၊ ခရု၊ မြေ စသည့် ပစ္စည်းများဖြင့် မိဘများစုပေါင်း၍ သင်ထောက်ကူပစ္စည်းများ ဖန်တီးပြုလုပ်ပေးနိုင်သည်။

ထို့ပြင် ကျောင်းတွင်ပြုလုပ်သည့် အထူးအစီအစဉ်၊ ပွဲလမ်းသဘင်များ၊ အခမ်းအနားများကို လာရောက်ကူညီ စီစဉ်ပေးနိုင်ပါသည်။ ထိုကဲ့သို့ ပါဝင်လုပ်ဆောင်ပေးခြင်းက ကျောင်းအတွက် လုပ်အားအကူဖြည့်ပေးခြင်း ဖြစ်သကဲ့သို့ မိဘများအနေဖြင့်လည်း **'တို့ကျောင်း'** ဟူသော ခံစားချက်ဖြစ်ပေါ်ပြီး ကျောင်းကို ပိုမိုစိတ်ဝင်စားစွာ ပံ့ပိုးကူညီလာမည်ဖြစ်သည်။

## ပြန်လည်အသုံးချခြင်းလုပ်ငန်း။

## ဖတ်ပါ။

**ဘာတွေလေ့လာသိရှိပြီးပြီလဲ**

| |
|---|
| မိဘများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ရရှိလာသော အောင်မြင်မှုများကို ပိုမိုသိရှိခဲ့သည်။ သူငယ်တန်းကလေးများအတွက် အကောင်းဆုံး သင်ကြားသင်ယူမှု ဆောင်ရွက်နိုင်အောင် သူငယ်တန်းဆရာများ၏ လုပ်ငန်းဆောင်ရွက်ချက်၊ မိဘများ၏ပံ့ပိုးကူညီမှုများလိုအပ်ကြောင်း သိရှိရပါသည်။ |

## ပြန်လည်အသုံးချခြင်းလုပ်ငန်း။

၁။ မိဘများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန် ရှေ့ဆက်လုပ်ဆောင်ရမည့် တစ်နှစ်တာလုပ်ငန်း အစီအစဉ်တစ်ခုရေးဆွဲပါ။

ဥပမာ–


| စဉ် | ဆောင်ရွက်ရမည့်လုပ်ငန်း | အချိန်ကာလ |
|---|---|---|
| ၁ | သင်ရိုးညွှန်းတမ်းရှင်းပြခြင်း | ကျောင်းဖွင့်စကာလ |
| ၂ | ကလေးများ၏သင်ယူဖွံ့ဖြိုးမှုကိုပြောပြခြင်း | ကလေးကျောင်းပို့/ကြိုချိန် (ရံဖန်ရံခါ) |
| ၃ | | |
| ၄ | | |
| ၅ | | |

DBE BOX

## အခန်း(၉)အတွက် မိမိကိုယ်ကိုအကဲဖြတ်ခြင်း

**မင်္ဂလာပါ–**

အခန်း(၉) ပြီးစီးသွားပြီဖြစ်ပါသည်။ သင်ကောင်းစွာ သင်ယူခဲ့ခြင်း ရှိ/မရှိ သိနိုင်ရန် အားလပ်ချိန်တွင် မိမိကိုယ်ကိုအကဲဖြတ်ပါ။

 **ဖတ်ပြီးစဉ်းစားပါ။**

ပေးထားသည့် မေးခွန်းများကို အလွယ်တကူဖြေနိုင်ပါသလား။ ဖြေနိုင်သည်ဆိုလျှင် သင်ကောင်းစွာ လေ့လာသိရှိသွားပြီဖြစ်သည်။

၁။ ကလေးများ၏ ဖွံ့ဖြိုးမှုနှင့် သင်ယူမှုအတွက် မိဘ၊ဆရာ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပုံ။

၂။ ကလေးများ၏ ဖွံ့ဖြိုးမှုနှင့် သင်ယူမှုအတွက် မိဘဆရာပူးပေါင်းဆောင်ရွက်နိုင်မည့် နည်းလမ်းတွေက ဘာတွေလဲ။

အောက်ပါမေးခွန်းကို သင်ရိုးသားစွာ **'ဟုတ်ပါတယ်'** ဟုဖြေနိုင်ပါမည်လား။ ဖြေနိုင်ပါက သင်ကောင်းစွာ လက်တွေ့အသုံးချခဲ့ပြီးဖြစ်သည်။

၃။ သင်၏စာသင်ကြားချိန်တွင် သူငယ်တန်းကလေးများအား သင်ကြားသင်ယူမှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် မိဘဆရာများ၏ အားပေးညီမှု၊ ပံ့ပိုးမှုများ လိုအပ်ပုံတို့ကို နားလည်လက်ခံပြီး ပူးပေါင်းလုပ်ဆောင်လာနိုင်ပါသလား။

သင်ကောင်းစွာ လေ့လာသိရှိသွားပြီဖြစ်သည်။ အကယ်၍ အချို့အချက်များနှင့်ပတ်သက်၍ မရှင်းလင်းသေးပါက သင့်လုပ်ဖော်ကိုင်ဖက် ဆရာများနှင့်အတူ ထပ်မံလေ့လာပါ။ သို့ရာတွင် အောက်ပါလုပ်ငန်းကို ကိုယ်ပိုင်အားလပ်ချိန်တွင် ကြိုးစားပြုလုပ်ပါ–

- မရှင်းလင်းသေးသည့် အပိုင်းများကို ပြန်ဖတ်ပါ။
- လုပ်ဖော်ကိုင်ဖက်များ သို့မဟုတ် ကြီးကြပ်သူများကို မေးမြန်းပြီးဆွေးနွေးပါ။

———။———

DBE BOX